## ရှာဖွေတွေ့ရှိခြင်း
## လမ်းညွှန် (၅)
# ကျေနပ်ဖွယ်ရာကောင်းသောအသက်တာ၏ တံတားသို့

အတ္တလန်တိတ်ပင်လယ်၊ လူမရှိသောကျွန်း၊ ယာယီတဲအနားတွင် လူတစ်ဦး၏အရိုးစုကိုတွေ့ရသည်။ အမည်မသိသော်သား၏အဖြစ်အပျက်ကို လေးလအတွင်းမည်ကဲ့သို့ခံစားရကြောင်း သူ၏မှတ်တမ်းတွင်သိခဲ့ရပါသည်။ သူသည် အမည်မသိသောအပြစ်ကြောင့် ၁၇၂၅ ခုနှစ်အဆင်းရှင်းကျွန်းပေါ်သို့ ဒတ်(ရှ်) ရေတပ်မတော်မှ ချထားခြင်းခံခဲ့ရသည်။ ၎င်းကျွန်းပေါ်တွင် ရေငတ်အားကြီး၍ လိပ်သွေးများသောက်ခဲ့ရသည်။ ခံစားရသောဝေဒနာမှာလည်း ပြင်းထံလှသည်။ သို့ရာတွင် သာလွန်ထူးကဲသောခံစားမှုတစ်ခုမှာ သူ၏အပြစ်တစ်ခုဖြစ်သည်။

ခံစားရသောခံပြင်းမှုများကို အောက်ပါစာလုံးများအားဖြင့်တင်ပြထားသည်။ "ဖြောင့်မတ်ခြင်းလမ်းကြောင်းကိုစွန့်လွှတ်သောလူယုတ်တစ်ဦး၏နာကျင်ခံစားမှုသည် နာကြည်းလေလေ ခံစားရလေလေဖြစ်လာသည်။ "ဤသော်သား၏အကြီးဆုံးခွဲခွာရခြင်း၏နာကြည်းမှုသည် ဘုရားသခင်နှင့်ခွဲခွါရသောနာကြည်းမှုဖြစ်သည်။ သေခါနီးခံစားရသည့်ခံစားချက်အခက်ဆုံးဖြစ်ကြောင်းဖေါ်ပြထားသည်။

ဘုရားသခင်နှင့်နှလုံးသားခွဲခွါရသောဒေင်ဥယျာဉ်အတွင်းပုန်းအောင်းနေခြင်း၊ ဤအကျိုးဆက်များသည် ခံပြင်းလှ၏။ သစ်ဆန်းသောခံစားမှုများသည် ရှက်ကြောက်ခြင်း၊ အပြစ်၊ ကြောက်ရွံ့ခြင်းများ အာဒံနှင့်ဧဝတို့အား ဘုရားသခင်ခေါ်သောအခါ ထွက်ပြေးတိမ်းရှောင်ခဲ့စေသည်။ ထိုအပြစ်များသည် မရှောင်မရှားရင်ဆိုင်ရသောအရာများဖြစ်ခဲ့၍ ယခုအချိန်တွင်မထူးဆန်းသောဗဟုသုတမျိုးဖြစ်လေသည်။

ကျွန်ုပ်တို့နှင့်ဘုရားသခင်စပ်ကြားတွင် မည်သည့်အရာကခွဲခွါစေသနည်း။ "သင်တို့အပြစ်သည် သင်တို့ကို ဘုရားသခင်နှင့်ကွာစေပြီ။ ကြားတော်မမူစေခြင်းငှါ သင်တို့၏အပြစ်သည် မျက်နှာတော်ကိုလွှဲစေပြီ။" (ဟေရှာယ ၅၉း၂)။ လူသည် အပြစ်ကြောင့် ဘုရားသခင်ကွာခြားစေသည်မဟုတ်၊ အာဒံနှင့်ဧဝသည် အပြစ်ပြုလုပ်၍ ဘုရားသခင်ထံမှထွက်ပြေးသွားခြင်းဖြစ်၏။

## ၁။ ကျွန်ုပ်တို့၏လိုအင်ဆန္ဒများကိုကျေနပ်စေခြင်း

ဒေင်ဥယျာဉ်၏သာယာလှပသောအိမ်ထောင်ကို အပြစ်သည်မဖျက်ဆီးမီ ဘုရားသခင်သည် အာဒံ၊ ဧဝတို့နှင့် ရင်းနှီးစွာပေါင်းသင်းဆက်ဆံခဲ့လေသည်။ သို့ရာတွင် အာဒံနှင့်ဧဝသည် စာတန်၏လိမ်လည်မှုကိုနားထောင်လက်ခံကာ

ဖန်ဆင်းရှင်၏ကိုးစားမှုကိုအဆက်ဖြတ်ခဲ့ပါသည်။ (ကမ္ဘာ ၃း–)။ ဥယျာဉ်အပြင်သို့နှင်ထုတ်ခြင်းခံရပြီးနောက် မိမိတို့အသက်တာ၏ခက်ခဲကြမ်းတမ်းမှုနှင့်ရင်ဆိုင်ရလေသည်။ မွေးဖွားရခြင်းဝေဒနာ၊ ထွန်ယက်စားသောက်ရန်လည်း သွေးချွေး၊ မျက်ရည်များနှင့်ရင်းနှီးလုပ်ကိုင်ရတော့သည်။ ဘုရားသခင်နှင့်လည်းရင်းနှီးမှုအဆက်ပြတ်လေသည်။ သူတို့၏အသက်တာတွင် ကျေနပ်မှုမရှိကြောင်း၊ နာကြည်းဖွယ်သောတမ်းတမှုများနှင့်တွေ့ကြုံရင်ဆိုင်ရလေသည်။ အပြစ်အစ၏ဝမ်းနည်းမှုများဖြစ်၏။

အာဒံနှင့်ဧဝတို့၏ပထမဆုံးဆန့်ကျင်မှုကြောင့် လူမျိုးတစ်မျိုးလုံး (အားလုံး) အလားတူဆန့်ကျင်မှုအပြစ်များကြောင့် သေခြင်းတရားဝင်လာသည်။ အပြစ်၏ဆိုးကျိုးဖြစ်သည်။ “အပြစ်တရားသည် တစ်ယောက်သောသူအားဖြင့် ဤလောကသို့ဝင်၍ အပြစ်တရားအားဖြင့် သေခြင်းတရားဝင်သည်နှင့်အညီ လူအပေါင်းတို့သည်အပြစ်ရှိသောကြောင့် သေခြင်းသို့ရောက်ရကြ၏” (ရောမ ၅း၁၂)။ ဘုရားသခင်ပေးနိုင်သောလုံခြုံမှုနှင့် ကျေနပ်မှုတို့ကိုဆုံးရှုံးခဲ့ရသဖြင့် စိတ်တွင်နာကြည်းမှုခံစားရပါသည်။ ထိုပျောက်ဆုံးသောအခွင့်အရေးမေ့ပျောက်ရန် ဈေးဝယ်ထွက်ခြင်း၊ လုပ်ငန်းတိုးတက်ရန်ပြိုင်ဆိုင်ခြင်း၊ သေရည်သေရက်သောက်ခြင်း၊ မူးယစ်ဆေးဝါးနှင့်မကောင်းမှုအပြစ်များကိုပြုလုပ်ခြင်းနှင့်နှစ်သိမ့်တတ်ပါသည်။

ဤကဲ့သို့ခံစားမှုဝေဒနာများမှာ ဘုရားသခင်နှင့်ခွဲခွါရခြင်းကြောင့်ဖြစ်သည်။ ဘုရားသခင်၏မေတ္တာမှတစ်ပါး ထိုဝေဒနာများကိုမပျောက်ကင်းစေနိုင်ပါ။ “အထံတော်၌ စုံလင်ဝမ်းမြောက်ခြင်းအခွင့်နှင့် လက်ျာတော်နားမှာ အစဉ်အမြဲပျော်မွေ့ခြင်းအခွင့်ရှိပါ၏” (ဆာလံ ၁၆း၁၁)။ စုံလင်သောကျေနပ်မှုသည် ဘုရားသခင်နှင့်လူစပ်ကြားမှာ ပြိုပျက်နေသောဆက်သွယ်မှုကိုပြုပြင်ပြီးမှသာ ကိုယ်တော်၏ရှေ့မှောက်သို့ဝင်ရောက်ခစားနိုင်ပါသည်။

## ၂။ အပြစ်နှင့်သေခြင်းပေါင်းကူးတံတားကိုပြုပြင်ခြင်း

လူသည် အပြစ်ကြောင့်လွမ်းဆွတ်တမ်းတရခြင်းသာမကဘဲ အာဒံနှင့်ဧဝတို့သည် ဘုရားသခင်ကိုကျောခိုင်းပြီးနောက် ဘုရားသခင်၏နှလုံးသားကိုထိခိုက်နာကြည်းစေခဲ့ပါသည်။ လူ၏ဝမ်းနည်းခြင်းနှင့် ဒုက္ခများကြောင့် ဘုရားသခင်သည်လည်း စိတ်နာကြည်းထိခိုက်ခဲ့ပါသည်။ ဘုရားသခင်သည် လူ၏ကြေကွဲမှုဒုက္ခကိုနှစ်သိမ့်ရန်နှင့် စိတ်၏နာကြည်းမှုကိုပျောက်ကင်းစေလိုပါသည်။ ကမ်း၏တစ်ဖက်မှသနားမှုစိတ်ဖြင့်မကြည့်ရှုလိုဘဲ ကမ်းတစ်ဖက်နှင့်တစ်ဖက်ကိုတံတားပမာ မိမိမေတ္တာဖြင့်ပေါင်းကူးပေးလိုက်ပါသည်။ “ထာဝရဘုရားသခင်၏သားတော်ကိုယုံကြည်သူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကိုရစေခြင်းငှါ ဘုရားသခင်သည် တစ်ပါးတည်းသောသားတော်ကိုစွန့်တော်မူသည့်တိုင်အောင် လောကသားတို့ကိုချစ်တော်မူ၏။” (ယောဟန် ၃း၁၆၊ ၁၇)။

ဘုရားသခင်သည် သားတော်ကိုပေးသည်။ သားတော်သည် အသက်ကိုပေးသည်။ သေစားသေရမည့်လူအတွက် အသက်ကိုပေးသည်။ ခရစ်တော်၏အသေခံခြင်း၊ ထမြောက်ရှင်ပြန်ခြင်းအားဖြင့် အပြစ်သားကိုကယ်၍ အပြစ်ကိုသေးသိမ်ခြင်းမရှိစေဘဲ ခွင့်လွှတ်ကာ စကြဝဠာတစ်ခုလုံးအား ခရစ်တော်နှင့်စာတန်၏အကျင့်များကို နှိုင်းယှဉ်ထားပါသည်။ တံတားတည်းဟူသောကျိုးပဲ့သောကိုယ်ခန္ဓာနှင့် ယိုစီးသောသွေးတော်သည် အပြစ်သားများကိုထောင်ချောက်မှဆွဲထုတ်သည်။ မေတ္တာတော်သည် ပေါင်းကူးပေးသည်။ ခရစ်တော်ကိုယုံကြည်သောသူတိုင်းတို့သည် ထာဝရအသက်လမ်းပေါ်လျှောက်လိုက်ရသောအခွင့်ရှိသည်။

## ၃။ ခရစ်တော်ကိုသိရန်အချက်ကြီး (၇) ချက်

(၁) ဤအချက်ကြီး (၇) ချက်သည် အသက်ရှင်ခဲ့သောဘယ်လူသားနှင့်မျှမတူညီပါ။ "ယေရှုကလည်း ငါအမှန်အကန်ဆိုသည်ကား အာဗြဟံမဖြစ်မီ ငါဖြစ်၏ဟုမိန့်တော်မူ၏" (ယောဟန် ၈:၅၈)။ ခရစ်တော်က ကမ္ဘာကြီးကိုသက်သေခံသည်မှာ– "ငါဖြစ်၏" ငါအမြဲတည်ရှိ၏။ ငါအမြဲတည်နေမည်။ ခရစ်တော်သည် လူသားမိခင်မှမွေးဖွားခြင်းခံရသော်လည်း (မဿဲ ၁:၂၂၊ ၂၃)။ ထိုပုဂ္ဂိုလ်သည် ဘုရားသခင်ဖြစ်၏။ ဘုရားသခင်သည် လူအသွေးအသားတွင်တည်နေ၏။ ဒွိုက်မူးဒီနှင့် ဘေလီဂရာဟင်(မ်)ဓမ္မဆရာကြီးများ၏ဝေဖန်ချက်မှာ– ခရစ်တော်သည် ငွေပုခက်ပေါ်လွှဲခြင်းခံရသော်လည်း၊ ကောင်းကင်တမန်က ကြည့်ရှုပြုစုသော်လည်း၊ ရွှေဇွန်းဖြင့်အစာခွံ့ပေးခြင်းခံရသော်လည်း သူသည် လူ့ဘဝတွင်ဝင်စားခံရခြင်းသည်အချည်းနှီးပင်ဖြစ်မည်ကိုသိနိုင်သည်။ သို့ရာတွင် ခရစ်တော်သည် ကောင်းကင်မိုးမြေအရှင်ဖြစ်သော်လည်း လူ၏ဘဝဇာတိကိုခံယူခဲ့ပါသည်။ ပတ်ဝန်းကျင်တွင် အဆိုးဆုံးနွားစားခွက်တွင် မွေးဖွားခြင်းခံခဲ့ရပါသည်။ ခရစ်တော်ကိုမွေးဖွားစဉ်က အဘယောသပ်အားမှာကြားခဲ့သည်မှာ "သူမ (မာရီ) သားယောကျ်ားကိုမွေးဖွား၍ ထိုသားသည် မိမိလူတို့ကိုအပြစ်မှကယ်ချွတ်မည့်သူဖြစ်သောကြောင့် ယေရှုဟုအမည်ဖြင့်မှည့်ရမည်။" (မဿဲ ၁:၂၁)။ ခရစ်တော်ကမ္ဘာကြီးကိုဖန်ဆင်းသော (ယောဟန် ၁:၁–၃၊ ၁၄) ကယ်တင်ရှင်သခင်သည် ကျွန်ုပ်တို့၏အပြစ်နှင့် သေခြင်းမှလွတ်မြောက်ရန် ကယ်တင်ပေးခဲ့ပါသည်။

(၂) ခရစ်တော်သည် အပြစ်မရှိသောအသက်တာဖြင့်နေထိုင်ခဲ့သည်

"ငါတို့ယဇ်ပုရောဟိတ်မင်းသည် ငါတို့ခံရသောဆင်းရဲဒုက္ခများကြောင့် မကြင်နာနိုင်သောသူမဟုတ်၊ ငါတို့ခံရသည့်နည်းတူ အမျိုးမျိုးသောစုံစမ်းနှောင့်ယှက်ခြင်းတို့ကို ခံဖူးသောသူဖြစ်တော်မူ၏။ သို့ရာတွင် အပြစ်နှင့်ကင်းလွတ်တော်မူ၏။" (ဟေဗြဲ ၄:၁၄၊ ၁၅)။

ဘုရားသခင်အဖြစ်၏အသက်တာမှ အပြစ်မဲ့အသက်တာသို့သွန်သင်ပေးပါသည်။ လူဇာတိအဖြစ်နေခြင်းဖြင့် အပြစ်အသက်တာမှလွတ်မြောက်ရန် နေပြခြင်းအားဖြင့် အကောင်းဆုံးလက်တွေ့တရားဟောချက်တစ်ခုပေးခဲ့ပါသည်။ စာတန်၊ ခရစ်တော်၏ရန်သူသည် ခရစ်တော်လောကတွင်သက်တော်ထင်ရှားစဉ် နည်းမျိုးစုံအသုံးပြုကာ စုံးစမ်းသွေးဆောင်ခဲ့ပါသည်။ တောတောင်အတွင်းအစာရှောင်ဆုတောင်းနေစဉ် အကြီးမားဆုံးသောသွေးဆောင်မှုကိုပြုခဲ့ပါသည်။ (မဿဲ ၄:၁–၁၁)။ လက်ဝါးကပ်တိုင်မတက်မီ ဂေသရေမန်ဥယျာဉ်ထဲတွင် ခရစ်တော်၏စိတ်အလှုပ်ရှားဆုံးဖြစ်စေခဲ့၍ ချွေးများသည် သွေးကဲ့သို့စီးထွက်ခဲ့သည်။ (လုကာ ၂၂:၄၄)။ သို့ရာတွင် မည်ကဲ့သို့စုံစမ်းခြင်းမဆို ခရစ်တော်သည် မားမားမတ်မတ်ရပ်တည်ကာ တွန်းလှန်နိုင်ခဲ့သည်။ အပြစ်တစ်စုံတစ်ရာမျှမပြုလုပ်ခဲ့ပါ။ အကြောင်းမူကား ခရစ်တော်သည် လူ၏ရန်းကန်မှုနှင့် အပြစ်ကိုတွန်းလှန်နိုင်သောအခက်အခဲများကိုအားလုံးသိခဲ့သောကြောင့်ဖြစ်သည်။ ခရစ်တော်သည်လူ၏အားနည်းချက်ကိုကိုယ်ချင်းစာ၍ သနားမိသည်။ (ဟေဗြဲ ၄:၁၅)။ **ခရစ်တော်အပြစ်မဲ့နေရခြင်းသည် ဘာကြောင့်အရေးကြီးသနည်း။** အဘယ်ကြောင့်နည်းဟူမူကား ဘုရားသခင်သည် အပြစ်နှင့်ကင်းစင်သောသူကို ငါတို့အတွက်ကြောင့်အပြစ်ရှိသောသူဖြစ်စေတော်မူ၏။ အကြောင်းမူကား၊ ငါတို့သည် ထိုသူအားဖြင့် ဘုရားသခင်ရှေ့တော်၌ ဖြောင့်မတ်သောသူဖြစ်မည်အကြောင်းတည်း (၂ကော ၅:၂၁)။

ခရစ်တော်သည် စုံစမ်းခြင်းကိုအောင်မြင်၍ အပြစ်မရှိသောအသက်တာ၌ ကျင်လည်ခဲ့သောကြောင့် ကျွန်ုပ်တို့၏ဘဝဟောင်းအပြစ်အသက်တာဖြင့် လဲလှယ်နိုင်ခဲ့သည်။

(၃) ခရစ်တော်၏သေခြင်းသည် အပြစ်ယူပစ်ရန်ဖြစ်သည်

လူဘယ်လောက်များများအပြစ်ပြုလုပ်ခဲ့ပါသနည်း။ "လူအပေါင်းတို့သည် အပြစ်ကိုပြု၍ ဘုရားသခင်ရှေ့တော်၌အသရေပျက်ကြပြီ။" (ရောမ ၃း၂၃)။ အပြစ်၏အခကား မည်သည့်အရာနည်း။ "အပြစ်တရား၏အခကား သေခြင်းပေတည်း။" (ရောမ ၆း၂၃)။ ခရစ်တော်သည် ဘာကြောင့်အသက်စွန့်ရသနည်း။ "ဤလောက၏အပြစ်ကိုဆောင်သွားသော ဘုရားသခင်၏သိုးသငယ်ကိုကြည့်လော့" (ယောဟန် ၁း၂၉)။ လူသားများတို့သည် အပြစ်သင့်သောကြောင့် ထာဝရသေခြင်းတရားဝင်လာသည်။ သို့ရာတွင် ခရစ်တော်သည် ကျွန်ုပ်တို့၏ကိုယ်စားအသေခံခဲ့သည်။ သူသည် ကျွန်ုပ်တို့၏အပြစ်ကိုယ်စားခံယူကာ သေခြင်း၏ပြစ်မိန့်တရားကိုပေးဆောင်ခဲ့သည်။ သူ၏သေခြင်းတရားသည် ကျွန်ုပ်တို့အတွက်ဆုကျေးဇူးဖြစ်၏။ "ထာဝရဘုရားသခင်၏ကျေးဇူးမူကား၊ ထာဝရအသက်ဖြစ်၏" (ရောမ ၆း၂၃)။ ခရစ်တော်သည်ပြည့်စုံဖြောင့်မတ်သောအသက်တာဖြင့် မေတ္တာဆုကျေးဇူးနှင့်ပေးဆပ်ခဲ့သည်။ ဤကဲ့သို့သောအချစ်စစ်အချစ်မှန်သည် လူ့သဘောသဘာဝဖြင့် ဆင်ခြင်ဝေဖန်သုံးသပ်၍မရနိုင်ပါ။ ခရစ်တော်၏သေခြင်းကြောင့် သူ့အားဖြင့် ဘုရားသခင်၏ရှေ့တော်၌ ငြိမ်သက်ခြင်းရှိ၏။ (ရောမ ၅း၁)။

(၄) ခရစ်တော်သည် သေခြင်းမှထမြောက်သည်

သေခြင်းတရားသည် ခရစ်တော်၏သက်တော်စဉ်တွင် အဆုံးတရားမဟုတ်ပါ။ ခရစ်တော်သည် သေလျက်ပင်ကယ်တင်ရှင်ဖြစ်နိုင်သည်။ ခရစ်တော်သည်ထမြောက်တော်မမူလျှင် သင်တို့သည် ယုံကြည်သော်လည်းအကျိုးမရှိ။ (၁ကော ၁၅း၁၇၊ ၁၈)။ ခရစ်တော်သည် သေခြင်းမှသုံးရက်အတွင်းထမြောက်ခဲ့သောကြောင့် မည်သည့်ကတိကိုပေးနိုင်သနည်း။ "ငါသည်အသက်ရှင်သောကြောင့် သင်တို့သည်လည်း အသက်ရှင်ရလိမ့်မည်။" (ယောဟန် ၁၄း၁၉)။ ခရစ်တော်သည်အသက်ရှင်လျက်ရှိ၏။ အကြောင်းမူကား၊ သေခြင်းတန်ခိုးကိုအောင်နိုင်သောသူဖြစ်၏။ သူသည် သေခြင်းမှကယ်တင်ခြင်းပေးနိုင်၍ ပြည့်စုံသောအသက်တာနှင့် ထာဝရအသက်လည်းပေးနိုင်၏။ ခရစ်တော်ဘုရားသခင်ကိုဖိတ်ခေါ်လျှင် ကျွန်ုပ်တို့၏နှလုံးသားထဲတွင်ကိန်းအောင်းနေမည်။ ခရစ်တော်ဘုရားသခင်သည် လိုလျက်ရှိသောအရာတစ်ခုစီကိုဖြည့်စွက်ပေးနိုင်သည်။ "ငါသည်လည်း ကပ်ကမ္ဘာကုန်သည့်တိုင်အောင် သင်တို့နှင့်အတူ အစဉ်မပြတ်ရှိသည်ဟု တပည့်တော်တို့အားမိန့်တော်မူ၏" (မဿဲ ၂၈း၂၀)။ ကမ္ဘာရှိလူသားများတို့သည် ခရစ်တော်ကယ်တင်ကြောင်းနှင့်ပတ်သက်၍ အဖြစ်အပျက်များကိုဝေငှသက်သေခံကြပါသည်။

တပည့်ဟောင်းတစ်ယောက်သည် အဖြေစာရွက်တစ်ခုတွင်သက်သေခံခဲ့ပုံမှာ– ကျွန်တော်သည် အရက်သမားတစ်ဦးဖြစ်ပါသည်။ တစ်နေ့အရက်မူးနေစဉ် ရေမြောင်းဘေးတွင်ကျမ်းစာသင်တန်းကတ်ပြားကိုတွေ့ရ၍ ကျွန်တော့်လိပ်စာထည့်ကာပေးပို့လိုက်ပါသည်။ မကြာမီမှာပင် ခရစ်တော်၏အကြောင်းနှင့်ပတ်သက်သောအမှန်တရားများသိရှိခဲ့ပါသည်။ မကြာမီမှာပင် ကျမ်းစာဆက်လက်သင်ကြားသောကြောင့် အရက်ကိုစွန့်ခဲ့ပါသည်။ ခရစ်တော်သည် ဤလူ၏အသက်တာကိုပိုင်သွားသောအခါ ခရစ်တော်ထံမှ အရက်စွဲနေသောအကျင့်ဆိုးကိုအောင်နိုင်ရန် စွမ်းရည်သတ္တိပေးတော်မူ၏။

(၅) ခရစ်တော်သည် ကောင်းကင်သို့တက်ကြွသွားသည်

ထမြောက်ရှင်ပြန်ပြီးနောက် အဘထံသို့မသွားမီ (တမန်တော် ၁း၉)။ သူသည် မိမိတပည့်တော်တို့အားကတိပေးခဲ့သည်မှာ "သင်တို့နေစရာအရပ်ကိုပြင်ဆင်ခြင်းငှါ ငါသွားရ၏။ ငါသည်သွား၍ သင်တို့နေစရာအရပ်ကိုပြင်ဆင်ပြီးမှ တစ်ဖန်ပြန်လာ၍ ငါရှိရာအရပ်၌ သင်တို့ရှိစေခြင်းငှါ သင်တို့ကို ငါ့ထံသို့သိမ်းဆည်းမည်" (ယောဟန် ၁၄း၁-၃)။

(၆) ခရစ်တော်ကောင်းကင်ဗိမာန်တော်တွင် ယဇ်ပုရောဟိတ်အနေဖြင့်လုပ်ကိုင်နေသည်

ခရစ်တော်သည် သူ၏အပြစ်ဖြေစရာအကြောင်းကိုစီရင်၍ ဘုရားသခင်နှင့်စပ်ဆိုင်သောအရာတို့၌ ကရုဏာနှင့်လည်းကောင်း၊ သစ္စာနှင့်လည်းကောင်း ပြည့်စုံသောယဇ်ပုရောဟိတ်အကြီးဖြစ်အံ့သောငှါ မိမိညီအစ်ကိုတို့နှင့်လုံးလုံးတူရသောအကြောင်းရှိ၏ (ဟေဗြဲ ၂း၁၇၊ ၁၈)။ ဘုရားသခင်နှင့် လူကိုစေ့စပ်ပေးရန် ဤလောကသို့လာသတည်း။ အပြစ်၏နှောင်ကြိုးမှကယ်တင်ရန်လာသည်။ အသေခံ၍ ကျွန်ုပ်တို့ကို ကယ်တင်ရခြင်းသည် အပြစ်ကိုဖျက်ဆီးဖို့ရန်ဖြစ်သည်။ နောက်ဆုံးတွင် စာတန်ကိုဖျက်ဆီးဖို့ရန်ဖြစ်သည်။

ကျွန်ုပ်တို့၏ယဇ်ပုရောဟိတ်မင်းခရစ်တော်သည် မိမိညီအစ်ကိုနှင့်တူသောကြောင့်ဖြစ်၏။ ယခုအခါ အဘ၏ရှေ့တော်တွင် အပြစ်သားတစ်ဦးစီအတွက် ရှေ့နေအဖြစ်အကျိုးဆောင်ပေး၏။ ထိုခရစ်တော် ပင်လျှင် ကလေးများကိုကောင်းချီးပေးခဲ့သည်။ အပြစ်လုပ်နေသောမာရိကိုလည်း ဘဝပြောင်းပေးခဲ့သည်။ လက်ဝါးကပ်တိုင်တွင် သေလုဆဲအချိန်တွင် သူခိုးကိုလည်းအပြစ်လွှတ်ခဲ့သည်။ ထိုအရှင်သည် လူတစ်ဦးစီ စုံစမ်းခြင်းခံရသောသူကိုမစနိုင်သည်။

(၇) ခရစ်တော်တစ်ဖန်ပြန်လာမည်

ကောင်းကင်သို့မတက်သွားမီ ခရစ်တော်ဘာကတိပေးခဲ့သလဲ။ ငါသည်သင်တို့နေစရာအရပ်ကိုပြင်ဆင်ပြီးမှ တစ်ဖန်ပြန်လာ၍ ငါရှိရာအရပ်၌ သင်တို့ရှိစေခြင်းငှါ သင်တို့ကိုငါ့ထံသို့သိမ်းဆည်းမည် (ယောဟန် ၁၄း၃)။ ခရစ်တော်ကြွလာသောအခါ ကျွန်ုပ်တို့ကိုအပြစ်မှကယ်လွှတ်မည်။ ၎င်းအချိန်တွင် ကျွန်ုပ်တို့ကို ဖိတ်ခေါ်၍ ကမ္ဘာသစ်၊ ထာဝရအသက်နှင့် ဝမ်းမြောက်ခြင်းဆီသို့ပို့ဆောင်မည်။

## ၄။ မလျော့နည်းသောမေတ္တာ

ထိုင်ဝမ်ကျွန်းတွင်ပြုလုပ်သောမင်္ဂလာပွဲအပြီးတွင် သတို့သားဖြစ်သူဦးလုံးသည် သတို့သမီးဖြစ်သူ၏မျက်နှာကို အုပ်ထားသောဇာပဝါကိုဖွင့်ကြည့်လိုက်သောအခါ သူသည်တုန်လှုပ်ချောက်ချားသွားလေသည်။ သူမ၏မျက်နှာသည် မင်းကုသ၏မျက်နှာကဲ့သို့ဖြစ်နေကြောင်းတွေ့မြင်လိုက်ရလေသည်။ ၎င်းနောက်ပိုင်းတွင် ဦးလုံး၏ဆက်ဆံပေါင်းသင်းပုံမှာထူးခြားသွားလေသည်။ ဇနီးသည်မှာ ၁၂ နှစ်တိတိသူ့အားကြည့်ရှုပြုစုယုယကာ သူမ၏မေတ္တာကို ပြခဲ့သည်။ သူမ၏ခင်ပွန်းမှာကား သူမအပေါ်တွင်ဟန်ဆောင်အချစ်ဖြင့် ဂရုမစိုက်ဘဲပေါင်းသင်းခဲ့သည်။ ဦးလုံးသည် အထီးတည်းဂရုမစိုက်ဘဲနေခဲ့သည်။ ဤကဲ့သို့နေထိုင်ခဲ့ရာမှ ဦးလုံးသည်တဖြည်းဖြည်းစက္ခုအလင်းကွယ်ပျောက်လာခဲ့ရာ အကယ်၍ဆရာဝန်များကအချိန်မီခွဲစိတ်ကုသ၍ မျက်ကြည်လွှာကိုမထည့်ပေးခဲ့လျှင် မျက်စိလုံးလုံးကွယ်သွားမည်ဖြစ်ကြောင်းပြောပြခဲ့၏။ မျက်ကြည်လွှာမှာလည်း ရှားပါးပစ္စည်းဖြစ်၍ ရရှိနိုင်ရန်တန်းစီစောင့်ရမည်ဖြစ်ကြောင်း

ပြောပြ၏။ အချစ်မခံခဲ့ရသောဇနီးသည်က ချစ်ရသောခင်ပွန်းသည်အတွက် မျက်စိပြန်မြင်နိုင်ရန် ခွဲစိတ်ခအတွက် မြက်ဦးထုပ်များရက်လုပ်ရင်း ဆေးကုသစရိတ်များရရှိရန် ရှာဖွေပေးခဲ့သည်။ ခွဲစိတ်ကုသစရိတ်လုံလောက်သောအခါ ခွဲစိတ်ခပေး၍ မိမိမျက်ကြည်လွှာကိုချစ်ရသောခင်ပွန်းသည်အတွက်ပေးလှူခဲ့လေသည်။ ခွဲစိတ်ခသာသိ၍ မိမိမျက်ကြည်လွှာလှူခဲ့သောဇနီးသည်ကိုကျေးဇူးတင်ရန်ကြည့်သောအခါ ဇနီးသည်မှာမျက်ကြည်လွှာမရှိ၊ ဘာမျှမမြင်တော့ကြောင်းကိုသိသောအခါ ကျေးဇူးတင်၊ ဝမ်းနည်း၊ နှလုံးကြေကွဲကာ မိမိဇနီး၏အမည် (မရွှေပန်း) ဟု ၁၂ နှစ်အတွင်း ပထမဆုံးအကြိမ်ခေါ်ဆို၍ အချစ်ကြေကွဲဝမ်းနည်းမှုများခဲ့ကြောင်းသိရလေသည်။

အပြစ်သားတစ်ဦးပြန်လာရန် ခရစ်တော်သည် နှစ်ပေါင်းများစွာစောင့်မျှော်နေပါသည်။ သူ့အားလည်း ကယ်တင်ရှင်ဟုခေါ်ဆိုရန် စောင့်စား၍နေပါသည်။ ခရစ်တော်သည် နောင်တရသောအပြစ်သားတစ်ဦးအတွက် မျက်ကြည်လွှာသာမကဘဲ အသက်တော်ပင်စွန့်ခဲ့လေသည်။ (၁တိ ၁း၁၅)။ ကျွန်ုပ်တို့ဂရုမစိုက်သောစိတ်ထားကို ခရစ်တော်၏ပေးလှူသောစေတနာမေတ္တာဖြင့် တံတားပေါင်းကူးပေးခဲ့သည်။ သင့်အား အန္တရာယ်ကြီးသောတောင်ကြားတစ်ဖက်သို့ဆွဲယူကယ်တင်လိုကြောင်း၊ ရင်ခွင်ထဲရောက်သည်အထိဆွဲယူလိုသည်။ သင်သည် ဦးညွတ်ခါဆုတောင်း၍ ခရစ်တော်ဘုရားသခင်ကို ကျွန်ုပ်ချစ်ပါ၏ဟုပြောပြလိုပါသလား။ ကျွန်ုပ်၏စိတ်နှလုံးထဲသို့ဝင်၍ ကျွန်ုပ်ကိုကယ်မတော်မူပါဟုတောင်းပန်လိုပါသလား။

## သခင်ခရစ်တော်

လာ၍လူဇာတိကိုခံယူသောဘုရားသခင်

| | | |
|---|---|---|
| နေခဲ့သည် | – | အပြစ်မရှိသောအသက်တာဖြင့် |
| သက်တော်စွန့်သည် | – | လူသားအပြစ်အတွက် |
| ထမြောက်သည် | – | သေခြင်းမှကယ်တင်ရန် |
| ကောင်းကင်သို့တက်ကြွသည် | – | ကျွန်ုပ်တို့အတွက်အိမ်တော်ပြင်ဆင်ရန် |
| အမှုတော်ဆောင်ရွက်သည် | – | နေ့စဉ်ယဇ်ပုရောဟိတ်မင်းအဖြစ် |
| ကြွလာတော်မူမည် | – | သူနှင့်အတူထာဝရနေရန်ခေါ်ဆောင်မည်။ |

## ရှာဖွေတွေ့ရှိခြင်းလမ်းညွှန် (၅) အဖြေလွှာ
## ကျေနပ်ဖွယ်ရာကောင်းသောအသက်တာတံတားသို့

ရှာဖွေတွေ့ရှိခြင်းလမ်းညွှန် (၅) ကိုဖတ်၍ မှန်သောစာကြောင်းရှေ့တွင်ကြက်ခြေခတ် (x) ပေးပါ။

၁။ အပြစ်သည် ဘုရားသခင်နှင့်လူကိုခွဲခွါသည်–
 ------ အပြစ်ကြောင့် သေခြင်းတရားဝင်လာသည်။
 ------ ဘုရားသခင်ကိုရှာခြင်းဖြင့် အပြစ်ကြောင့် ဝေးနေသောစိတ်ကိုနှစ်သိမ့်ခြင်းပေးသည်။

၂။ ------ ခရစ်တော်သည် အပြစ်အခသေခြင်းကိုပေးလှူခဲ့သည်။ ဘုရားသခင်နှင့်လူစပ်ကြားမှာပေါင်းကူးပေးသည်။ ခရစ်တော်သည် ထာဝရအသက်ပေးရန်ကြွလာသည်။

အဓိပ္ပါယ်ပြည့်သောစာကြောင်းကိုသာ ကြက်ခြေခတ်ပေးပါ။

၃။ ခရစ်တော်သည် ဤလောကသို့ကြွလာသည်–
 ------ ဘုရားသခင်အဖြစ် ကမ္ဘာဆက်ဆက်ဖြစ်ခဲ့သောဘုရားသခင်၊ အပြစ်မှကယ်တင်ပေးရန်။
 ------ ဖန်ဆင်းရှင်အဖြစ် လူကိုဖန်ဆင်း၍တာဝန်ရှိလို့သာ။

 ခရစ်တော်သည် ဤလောက၌နေသည်–
 ------ ကျွန်ုပ်တို့နေရာအစား အပြစ်မရှိသောအသက်တာဖြင့်နေသည်။
 ------ စာတန်သွေးဆောင်သော်လည်း၊ ပြည့်စုံသလောက်အသက်တာဖြင့်နေသည်။

 ခရစ်တော်သက်တော်စွန့်သည်–
 ------ အပြစ်အတွက်၊ လူသားအားလုံးအတွက်။
 ------ သန့်ရှင်းသောသူ၏ အပြစ်အတွက်သာ။

 ခရစ်တော်သည် တတိယနေ့၌ သင်္ချိုင်းမှထမြောက်သည်–
 ------ အခြားဘာသာရေးပုဂ္ဂိုလ်များကဲ့သို့။
 ------ ကျွန်ုပ်တို့အတွက် အသစ်သောအသက်ပေးနိုင်ရန်။

 ခရစ်တော်သည် ကောင်းကင်သို့တက်ကြွသွားသည်–
 ------ ကောင်းကင်တွင် ကျွန်ုပ်တို့အတွက်နေအိမ်ပြုလုပ်ပေးရန်။
 ------ ကျွန်ုပ်တို့သူ့ကိုဘယ်တော့မှမမြင်နိုင်ရန်။

 ခရစ်တော်သည် မကြာမီပြန်လာမည်။ ယခုသူသည် ယဇ်ပုရောဟိတ်မင်းအနေဖြင့် ကျွန်ုပ်တို့အတွက်အမှုတော်ဆောင်ရွက်ပေးသည်။–
 ------ ကျွန်ုပ်တို့ကို အပြစ်၏ကျေးကျွန်မှကယ်ချွတ်ရန်။
 ------ တိရစ္ဆာန်ကိုပေးလှူခြင်းဖြင့် ကျွန်ုပ်တို့ကိုအပြစ်မှကယ်တင်ရန်။

**နှလုံးသွင်းရန်မေးခွန်းများ**

ခရစ်တော်သည် ကျွန်ုပ်တို့အပြစ်သားများအတွက် ဤမျှပြုလုပ်ပေးသည်ကိုထောက်၍ သင်သည် နှလုံးသားဖြင့် တုံ့ပြန်ကာ အပြစ်ဖြေလွှတ်ရန် စိတ်နှလုံးတွင်ကိန်းအောင်းရန်နှင့် ကယ်တင်ရန်တောင်းဆိုလိုပါသလား။

–ဝ–

**ထင်ရှားသေသပ်စွာရေးပါ**

**အမည်**–––––––––––––––––––––––––––––––

**လမ်းနှင့်အိမ်အမှတ်**––––––––––––––––––––––

**မြို့**–––––––––––––––––––––––––––––––––

**နယ်**––––––––––––––––––––––––––––––––

**ကိုးကွယ်သည့်ဘာသာ**––––––––––––––––––––

စိတ္တသုခရှာဖွေခြင်း (၅)

ဓမ္မဒါန

စာမူခွင့်ပြုချက်အမှတ် ၄၈၂/၂၀၀၃ (၇)

ထုတ်ဝေသူ။ ဦးဆန်ဒီ၊ ယာယီမှတ်ပုံတင်အမှတ် (၄၄၉) စိတ္တသုခရှာဖွေခြင်း၊ (အမှတ်စဉ်ထုတ်) ၆၈/၇၂ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့

ပုံနှိပ်သူ။ ဦးစိုင်းရပ်စ်၊ မှတ်ပုံတင်အမှတ် (၀၂၈၃၀) ကင်းစောင့်ပုံနှိပ်တိုက်၊ အမှတ် ၂၀၆ ရွှေသစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့

(စောင်ရေ ၅၀၀၀၊ ပထမအကြိမ်)